MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

အောက်ဖော်ပြပါ စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်) အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး ထိုဘဏ္ဍာရေးရှင်းတမ်းနှင့်အတူ တွဲ၍ ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိပါလျှင် ငွေပမာဏဖော်ပြချက်အားလုံးမှာ မြန်မာကျပ်ငွေ ဖြစ်ပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား နိုင်ငံတကာဘဏ္ဍာရေး အစီအရင်ခံခြင်းဆိုင်ရာစံများ (IFRS) နှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပ စာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့မှ စစ်ဆေးထားပြီး ဖြစ်ပါသည်။

ထို့အပြင် ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၄ ) ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

### မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် (“MJTD”)

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် ကို သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် စက်မှုလုပ်ငန်းဇရိယာဖွံ့ဖြိုးရေး၊ ဈေးကွက်တင်ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းနှင့် စက်မှုလုပ်ငန်းဇရိယာ လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် တည်ထောင်ခဲ့ပါသည်။မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်သည် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် ၏ မတည်ငွေရင်း အများစုကို ပိုင်ဆိုင်ထားပြီး၊ ဒါရိုက်တာအဖွဲ့ဝင် (၄) ဦး နှင့် အရာရှိအဖွဲ့ဝင် (၄) နေရာ တို့ကို စေလွှတ် တာဝန် ပေးထားပြီး စဥ်ဆက်မပြတ် စီမံအုပ်ချုပ်မှုများပြုလုပ် ထားရှိပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် သည် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အသားတင် အမြတ်ငွေ အမေရိကန် ဒေါ်လာ (၁.၅)သန်း ရရှိခဲ့ပါသည်။ ။ အမြတ်လက်ကျန် အမေရိကန် ဒေါ်လာ ( ၅၆.၉ )သန်း နှင့် ငွေနှင့် ငွေသား ညီမျှခြင်း လက်ကျန်များ အနေဖြင့် ၂၀၂၄ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် အမေရိကန် ဒေါ်လာ (၄၅)သန်း ရှိပါသည်။ သီလဝါ အထူးစီးပွားရေးဇုန် ၏ တည်ငြိမ်သော ပတ်ဝန်းကျင် နှင့် အရည်အသွေး မြင့်မားသော အခြေခံ အဆောက်အဦများ အပြင် အထူးစီးပွားရေးဇုန် ၏ အထူး ခံစားခွင့်များကြောင့် ရင်းနှီးမြုပ်နှံ လိုသူများမှ မြေယာများနှင့် စက်ရုံငှားရမ်းခြင်းများ ပြန်လည်၍ လက်ခံရရှိနေပြီ ဖြစ်ပါသည်။ အဓိကဝင်ငွေ အနေဖြင့် ပုံမှန်လည်ပတ်နေသည့် လုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ ရေနှင့်လျှပ်စစ်မီး လုပ်ငန်းများမှ ရရှိခဲ့ပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး ကို ၂၀၂၃ နှစ် တွင် စတင်တပ်ဆင်ခဲ့ပြီး တပ်ဆင်ခဲ့ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရုပ်ကြွင်းလောင်စာသုံး ဓာတ်အားထုတ်လုပ်ခြင်း လျော့ချရန် နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ရန် အတွက် ဖြစ်ပါသည်။ ထပ်တိုးတပ်ဆင်မည့် နေရောင်ခြည်စွမ်းအင် သုံးလျှပ်စစ်ထုတ်လုပ်ရေး မှ ၅ မီဂါဝတ်ရှိသော လျှပ်စစ်စွမ်းအား ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ရှေ့လာမည့်နှစ်မှစ၍ မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် ၏နေရောင်ခြည် စွမ်းအင်သုံးလျှပ်စစ် ထုတ်လုပ်ရေး မှ ဝင်ငွေစီးဆင်းမှုများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

## သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် (“TPD”)

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် ကို သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်း နှင့် နှစ်ရှည်ငှားရမ်း ခြင်းလုပ်ငန်းများ လုပ် ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါးတီး ဒတ်ပလော့မင့်လီမိတက် ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)နှင့် ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားပြီး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)မှ အစုရှယ်ယာ (၂၀) ရာခိုင်နှုန်းနှင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့် သက်ဆိုင်သောကုမ္ပဏီ လီမိတက်မှ (၈၀) ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ကြပါသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခဲ့သော (၄)နှစ်တာကာလနှင့် ပတ်သက်သော ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ အိမ်၊ ခြံ၊မြေကဏ္ဍ ဈေးကွက်များ နှေးကွေးကျဆင်းခြင်းကြောင့် ကုမ္ပဏီ၏ ဝင်ငွေကို အကျိုးသက် ရောက်မှုများ ရှိခဲ့ပါသည်။ ယင်းသို့ရှိခဲ့သော်လည်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး နှစ်အတွင်း တွင် နှစ်ရှည် မြေငှားရမ်းခြင်း ပြန်လည်ရှိခဲ့ပြီး ၎င်း မြေငှားရမ်း မှုဝင်ငွေ နှင့် အမြတ်ငွေတို့သည် ယခု နှစ်ကုန်ဘဏ္ဍာ ရေးရှင်းတမ်း တွင် ကောင်းမွန်သည့် ဘဏ္ဍာရေး အကျိုးအမြတ်များ ဖြစ်ပေါ်လာပါသည်။ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အမြတ်ငွေကျပ် သန်း(၃၅၉) ပေါ်ပေါက်ခဲ့ပါသည်၊ စုဆောင်းထားသော အမြတ်ငွေမှာ ကျပ်(၈.၉) ဘီလီယံ နှင့် ငွေသား နှင့်ဘဏ်လက်ကျန်မှာ ကျပ်(၃.၆) ဘီလီယံ ဖြစ်ပြီး ၎င်းလက်ကျန် ထဲတွင် အမေရိကန် ဒေါ်လာ(၁.၄) သန်း ပါရှိပါသည်။

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက်တွင် ၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် နေရောင်ခြည်စွမ်းအင် သုံးလျှပ်စစ် ထုတ်လုပ်ရေး အား စတင်တပ်ဆင်ခဲ့ပါသည်။၎င်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး မှ ရုပ်ကြွင်းလောင်စာသုံး ဓါတ်အားထုတ်လုပ်ခြင်း လျှော့ချရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်ယူသုံးစွဲရန် အတွက်ဖြစ်ပါသည်။

## မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“MTSH”)

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့်ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် စီမံအုပ်ချုပ်မှုနှင့် တွဲဖက်လုပ်ငန်းမှရရှိသည့် ဝင်ငွေများ အပါအဝင် အသားတင်အမြတ်ငွေမှာ ကျပ်(၉၈၀) သန်း ရရှိခဲ့ပါသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် အသားတင်အမြတ်ငွေကျပ် (၄.၇) ဘီလီယံမှ ကျပ် (၀.၉) ဘီလီယံ သို့ ကျဆင်းခဲ့ပါသည်။ အမြတ်ငွေများ ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခင်နှစ်တွင် လက်အောက်ခံ ကုမ္ပဏီမှ အမြတ်ဝေစုရရှိခဲ့ခြင်းနှင့် အမှန်မပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုအမြတ်များ ကြောင့်ဖြစ်ပါသည်။

လက်ငင်းမဟုတ်သော ရပိုင်ခွင့် ကျပ် (၇၂) ဘီလီယံ အနက် မှ ၆၅% သည် တွဲဖက်လုပ်ငန်းမှ ဖြစ်ပေါ်လာသည့် မခွဲဝေရသေးသော အမြတ်ငွေဖြစ်ပါသည်။

ကုမ္ပဏီ၏ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် စုဆောင်းလက်ကျန် အမြတ်ငွေမှာ ကျပ် (၃၉) ဘီလီယံ ရှိပြီး ငွေနှင့်ငွေသားညီမျှသောလက်ကျန် မှာ ကျပ်(၇.၇) ဘီလီယံရှိပါသည်။

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့်၎င်း၏ လက်အောက်ခံကုမ္ပဏီ ("MTSH အုပ်စု")**

**ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်**

| | **ပြောင်းလဲချက်** | ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက် **(ကျပ်သန်းပေါင်း)** |
|---|---|---|---|
| ဝင်ငွေ | ▲ | ၃,၆၂၆ | ၃,၁၆၃ |
| ဝင်ငွေအပေါ် မူရင်းကုန်ကျစရိတ် | ▼ | (၁,၃၂၄) | (၁,၄၈၂) |
| **အကြမ်းအမြတ်** | ▲ | **၂,၃၀၂** | **၁,၆၈၁** |
| အတိုးကုန်ကျစရိတ် | ▲ | (၂၄) | - |
| အရောင်းနှင့် စီမံအသုံးစရိတ် | ▲ | (၂,၂၄၃) | (၁,၈၁၀) |
| တွဲဖက်လုပ်ငန်းမှ ရသည့်အမြတ်ငွေ | ▼ | ၁,၂၇၄ | ၂,၅၃၇ |
| **လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ** | ▼ | **၁,၃၀၉** | **၂,၄၀၈** |
| အခြားနည်းလမ်းမှရသည့်ဝင်ငွေ | ▲ | ၁၃၂ | ၁၀၁ |
| အမှန်ပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေကြေးလဲလှယ်မှု အမြတ်/ အရှုံး | ▼ | (၅၃) | ၄၅၇ |
| အမှန်မပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေကြေးလဲလှယ်မှု အမြတ် | ▼ | - | ၁,၇၀၁ |
| **အခွန်လျာထားခြင်း မပြုမီ စုစုပေါင်းအမြတ်** | ▼ | **၁,၃၈၈** | **၄,၆၆၇** |
| ဝင်ငွေခွန် | ▼ | (၂) | (၆၃) |
| **အသားတင်အမြတ်** | ▼ | **၁,၃၈၆** | **၄,၆၀၄** |

| | | | |
|---|---|---|---|
| အကြမ်းအမြတ်ရာခိုင်နှုန်း | ▲ | ၆၃% | ၅၃% |

| | | | |
|---|---|---|---|
| ရှယ်ယာတစ်စောင်၏အခြေခံဝင်ငွေ (ကျပ်) | ▼ | ၃၄ | ၁၁၃ |

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဝင်ငွေမှာ ကျပ် (၃.၆) ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ် နှင့်နှိုင်းယှဉ်ပါက ကျပ် (၃.၂) ဘီလီယံ မှ ကျပ် (၃.၆) ဘီလီယံ သို့တိုးမြှင့် ရရှိခဲ့ပါသည်။ အဓိက ဝင်ငွေ အနေဖြင့် စီမံအုပ်ချုပ်မှုမှ ရရှိသော ဝင်ငွေနှင့် မြေယာရောင်းချ ခြင်းမှ ဝင်ငွေတို့ အဓိကပါဝင် ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး နှစ်အတွင်း တွင် နှစ်ရှည် မြေငှားရမ်းခြင်း ပြန်လည်ရှိခဲ့ပြီး ၎င်း မြေငှားရမ်း မှုဝင်ငွေ နှင့် မြတ်ငွေတို့သည်ယခုနှစ်ကုန်ဘဏ္ဍာ ရေးရှင်းတမ်း တွင် ကောင်းမွန်သည့် ဘဏ္ဍာရေး အကျိုးအမြတ်များ ဖြစ်ပေါ်လာပါသည်။

အကြမ်းအမြတ်သည် ကျပ်(၂.၃) ဘီလီယံဖြစ်ပြီး ၎င်းအကြမ်းအမြတ်သည် ယခင် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၅၃% မှ ၆၃% သို့ မြင့်တက်ခဲ့ပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် နှင့် ဆက်စပ်၍ ရရှိမည့်အမြတ်ဝေစု ပမာဏမှာ ကျပ်(၁.၃) ဘီလီယံဖြစ်ပါသည်။ မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် ၏ ပုံမှန်လည်ပတ်နေသည့် လုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မှုများကြောင့် မူလရည်ရွယ်ထားသည့် ခန့်မှန်းအမြတ်ငွေထက် သာလွန်ကောင်းမွန်သော ရလဒ်ကို ဖော်ဆောင်နိုင်ခဲ့ပါသည်။

ယခုဘဏ္ဍာရေးကာလ၏ အသားတင် အမြတ်ပမာဏမှာ ကျပ် (၁.၄)ဘီလီယံ ရရှိခဲ့ပြီး၊ ကုမ္ပဏီ၏ အစုရှင်များသို့ ခွဲဝေနိုင်သော အမြတ်မှာ ကျပ် ( ၁.၃ )ဘီလီယံ ဖြစ်ပါသည်။ အသားတင် အမြတ်ငွေသည် ယခင်နှစ် နှင့် နှိုင်းယှဉ်လျှင် ကျဆင်းခဲ့ပြီး ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခင်နှစ်တွင်လက်အောက်ခံ ကုမ္ပဏီမှ အမြတ်ဝေစု ရရှိခဲ့ခြင်းနှင့် အမှန်မပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေလဲလှယ်နှုန်းအမြတ် ကြောင့်ဖြစ်ပါသည်။

ယေဘူယျအားဖြင့် အထက်ဖော်ပြပါ အခြေအနေများကြောင့် နှိုင်းယှဉ်ကာလတွင် ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေသည် ကျပ်(၁၁၃)မှ ယခုဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေသည် ကျပ် (၃၄)သို့ ကျဆင်းခဲ့ပါသည်။

**ကုမ္ပဏီအုပ်စု၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်**

လက်ငင်းရပိုင်ခွင့်များ လျော့နည်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခုဘဏ္ဍာရေးနှစ်အတွင်း အမြတ်ဝေစုများ ခွဲဝေပေးခဲ့ခြင်း ကြောင့် ဖြစ်ပါသည်။ စုစုပေါင်း လက်ငင်းရပိုင်ခွင့်မှာ ကျပ် (၃၈.၃) ဘီလီယံ ဖြစ်ပြီး ၎င်းပမာဏထဲတွင် ငွေသားနှင့် ဘဏ်လက်ကျန် ပိုင်ဆိုင်မှုမှာ ကျပ်(၁၁.၂)ဘီလီယံ ဖြစ်ပါသည်။ ၎င်းငွေသားလက်ကျန် ထဲတွင် အမေရိကန် ဒေါ်လာ(၄.၈) သန်း ပါရှိပါသည်။

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ မြင့်တက်လာရခြင်းမှာ မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် ၏ စုဆောင်းပြီး မခွဲဝေရသေးသော အမြတ်လက်ကျန်ငွေ တိုးလာခြင်းနှင့်ဆက်စပ်၍ ရရှိမည့် အမြတ်ဝေစုကြောင့် ဖြစ်ပါသည်။ လက်ငင်းမဟုတ်သောရပိုင်ခွင့် ကျပ် (၅၃.၉) ဘီလီယံအနက် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် ၏ စုဆောင်းပြီး မခွဲဝေရသေးသော အမြတ်လက်ကျန်ငွေ ကျပ် (၄၆.၃) ဘီလီယံရှိပါသည်။

လက်ငင်းနှင့်လက်ငင်းမဟုတ်သော ပေးရန်တာဝန် ကျပ် (၂.၉)ဘီလီယံ မှ ကျပ်(၂.၂)ဘီလီယံ သို့အနည်းငယ် လျော့နည်းလာရခြင်း မှာ ယခင်နှစ်က မြေယာရောင်းချခဲ့ခြင်းမှ ရရှိသည့် ဝင်ငွေကိုယခုဘဏ္ဍာရေးကာလတွင် အရောင်းစာရင်းသွင်းခဲ့ခြင်း ကြောင့် ဖြစ်ပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးကာလ အတွက် စုဆောင်းပြီး အမြတ်လက်ကျန်တွင် အသားတင် ကျပ် (၀.၇) ဘီလီယံ (ကျပ် ၄၄.၁ ဘီလီယံ မှ ကျပ် ၄၃.၄ ဘီလီယံ) ကျဆင်းခဲ့ပါသည်။ စုဆောင်းပြီးအမြတ်လက်ကျန်ငွေ ကျဆင်းရခြင်း၏ အဓိက အကြောင်းအရင်းမှာ ယခုနှစ်အတွင်း ရှယ်ယာရှင်များအား အမြတ်ဝေစု ခွဲဝေပေးခဲ့ခြင်းကြောင့် ဖြစ်ပါသည်

| | ပြောင်းလဲချက် | ၂၀၂၄ ခုနှစ်၊<br>မတ်လ (၃၁)ရက်<br>**(ကျပ်သန်းပေါင်း)** | ၂၀၂၃ နှစ်၊<br>မတ်လ(၃၁)ရက်<br>**(ကျပ်သန်းပေါင်း)** |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းရပိုင်ခွင့်များ | ▼ | ၃၈,၃၉၀ | ၄၀,၅၈၄ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ▲ | ၅၃,၉၃၀ | ၅၂,၉၈၀ |
| **စုစုပေါင်းရပိုင်ခွင့်များ** | ▼ | **၉၂,၃၂၀** | **၉၃,၅၆၄** |
| **ပေးရန်တာဝန်များ** | | | |
| လက်ငင်းပေးရန်တာဝန်များ | ▲ | ၂,၁၄၂ | ၂,၁၃၀ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | ▼ | ၃၄ | ၇၃၀ |
| **စုစုပေါင်းပေးရန်တာဝန်များ** | ▼ | **၂,၁၇၆** | **၂,၈၆၀** |
| **အသားတင်ရပိုင်ခွင့်များ** | ▼ | **၉၀,၁၄၄** | **၉၀,၇၀၄** |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပြီး မတည်ငွေ | - | ၃၈,၉၂၉ | ၃၈,၉၂၉ |
| စုဆောင်းပြီး အမြတ်လက်ကျန် | ▼ | ၄၃,၄၃၀ | ၄၄,၀၆၂ |
| အခြားအကျိုးခံစားခွင့်ဆိုင်ရာများ | ▲ | ၇,၇၈၅ | ၇,၇၁၃ |
| **စုပေါင်းရင်းနှီးငွေ** | ▼ | **၉၀,၁၄၄** | **၉၀,၇၀၄** |

<u>**အနာဂတ်အလားအလာ**</u>

**လုပ်ငန်းချဲ့ထွင်ခြင်းနှင့် စီးပွားရေးအခွင့်အလမ်းသစ်များဖော်ဆောင်ခြင်း**

Myanmar Thilawa SEZ Holdings Public Company Limited (MTSH) သည် သီလဝါအထူးစီးပွားရေးဇုန်နှင့်ဆက်စပ်သည့် မိမိတို့၏အခန်းကဏ္ဍကို အကောင်းဆုံးအနေအထားသို့ရောက်ရှိစေရန် ဦးတည်ကြိုးပမ်းခြင်းဖြင့် အနာဂါတ်ကာလ ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် ဆက်လက်အာရုံစိုက်လျက်ရှိပါသည်။ ကုမ္ပဏီသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုင်ရာလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံကာ စီးပွားရေးအခွင့်အလမ်းသစ်များဖော်ဆောင်ခြင်း၊ အိမ်ရာမြေစီမံကိန်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ရေနှင့်လျှပ်စစ်ထောက်ပံ့ခြင်းလုပ်ငန်းများကဲ့သို့ စဉ်ဆက်မပြတ် ဝင်ငွေပြန်လည်ရရှိသောလုပ်ငန်းများတွင် မိမိတို့၏ အချိုးကျခံစားခွင့်ကို မြှင့်တင်ခြင်းတို့ဖြင့် ကုမ္ပဏီ၏ စီးပွားရင်းမြစ် ကျယ်ပြန့်မှုကို ပိုမိုအားကောင်းလာစေရန် လုပ်ဆောင်လျက်ရှိပါသည်။ MJTD နှင့် TPD တို့တွင် လျှပ်စစ်စွမ်းအားပမာဏ 5 Mega Watt အထိ ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံးစွဲရေးစနစ်များ တပ်ဆင်မှုသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရုံသာမက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင်လည်း နိုင်ငံတကာနှင့်တပြေးညီဖြစ်စေကာ လာမည့် ဘဏ္ဍာနှစ်မှ စတင်၍လည်း ထပ်တိုးဝင်ငွေရင်းမြစ်တစ်ခု ဖြစ်လာစေမည်ဖြစ်သည်။

**အိမ်ရာနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများ**

မိမိတို့၏ ကုမ္ပဏီခွဲဖြစ်သည့် Thilawa Property Development Limited သည် သီလဝါအထူးစီးပွားရေးဇုန်အတွင်းတွင် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာအဆောက်အအုံများ တည်ဆောက်ခြင်းနှင့်ဈေးကွက်တင်ရောင်းချခြင်းတို့ကို ဆက်လက် အားစိုက်ကာ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ COVID-19 ကန့်သတ်ချက်များ လျော့နည်းလာခြင်းသည် ရောင်းအားပိုင်းတွင် ကောင်းမွန်သောအကျိုးသက်ရောက်မှုများရှိနေပြီး လာမည့်ကာလတွင် မြေကွက်များ၊ စက်ရုံနှင့်ရုံးခန်းများ ရောင်းချငှားရမ်း မှုတွင်လည်း သိသာထင်ရှားသောတိုးတက်မှုများ ဖြစ်ထွန်းလာမည့် အလားအလာရှိနေပါသည်။ ဤအခြေအနေများကို အမြင့်မားဆုံးဖြစ်လာစေရန် မိမိတို့ ဝန်ဆောင်မှုပေးနိုင်သည့် လုပ်ငန်းအမျိုးအစားများကိုတိုးချဲ့ပြီး ဝန်ဆောင်မှုအရည်အသွေး ကိုလည်း ကောင်းသထက်ကောင်းအောင်လုပ်ဆောင်ခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် တိုးတက်မှု**

MTSH သည် အရံငွေထားရှိခြင်းနှင့် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာများကို ထိန်းသိမ်းခြင်းဖြင့် မိမိတို့၏ဘဏ္ဍာရေး အခြေအနေကို မျှတခိုင်မာမှုရှိစေရန် လုပ်ဆောင်ထားပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကုမ္ပဏီ၏ ပင်မစီးပွားရေးလုပ်ငန်းများ နှင့် MJTD နှင့် TPD ရှိ ရင်းနှီးမြှုပ်နှံမှုများမှ ဝင်ငွေပုံမှန်ရရှိစေရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကုမ္ပဏီ၏

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

လက်ကျန်ငွေစာရင်းနှင့် ငွေကြေးစီးဆင်းမှုဆိုင်ရာစီမံခန့်ခွဲမှုသည် ၎င်း၏ အသစ်အသစ်သောလုပ်ငန်းများနှင့် အကျိုးခံစားခွင့်မူဝါဒများကို အထောက်ကူပြုနိုင်မည်ဖြစ်ပြီး အစုရှယ်ယာရှင်များအတွက် ပိုမိုအကျိုးအမြတ်ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

**မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများနှင့် ဈေးကွက်အနေအထား**

MTSH သည် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ မိမိတို့၏ဈေးကွက်အနေအထားကိုမြှင့်တင်ရန် မဟာဗျူဟာမြောက် မိတ်ဖက်ဖွဲ့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအပါအဝင် ပြည်တွင်းပြည်ပအကျိုးစီးပွားသက်ဆိုင်သူများနှင့် ခိုင်မာသောဆက်ဆံရေးများတည်ဆောက်ကာ သီလဝါအထူးစီးပွားရေးဇုန်တွင် စဉ်ဆက်မပြတ်တိုးတက်မှုရှိစေရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး မိမိတို့၏ ခိုင်မာသောနာမည်ဂုဏ်သတင်းနှင့် ပြောင်မြောက်သောလုပ်ငန်းစွမ်းဆောင်ရည်များသည် ရင်းနှီးမြှုပ်နှံသူများနှင့် စီမံကိန်းအသစ်များကို ဆွဲဆောင်ရာတွင် အခရာကျသော ပင်မကျောရိုးပင်ဖြစ်ပါသည်။

**ရေရှည်တည်တံ့ခိုင်မြဲရေး စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း**

ကုမ္ပဏီ၏ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလေးပေးဆောင်ရွက်ချက်များကို နေရောင်ခြည်စွမ်းအင်သုံးစွဲရေးကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံသည်ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ဤကဲ့သို့သော စီမံကိန်းများ စတင်လိုက်ခြင်းဖြင့် လုပ်ငန်းကုန်ကျစရိတ်ကို လျော့ကျစေရုံသာမက လုပ်ငန်းလည်ပတ်မှုအတွက် ကျောက်မီးသွေးကဲ့သို့သောလောင်စာများအပေါ် မှီခိုနေရခြင်းကိုလည်း သိသာစွာလျော့ကျသွားစေမည်ဖြစ်ပြီး ဂေဟစနစ်ထိန်းသိမ်းရေးကို အလေးပေးသည့် ရင်းနှီးမြှုပ်နှံသူများကိုလည်း ပိုမိုဆွဲဆောင်နိုင်လာမည်ဖြစ်ပါသည်။

**အလားအလာသုံးသပ်ချက်**

MTSH သည် ကုမ္ပဏီ၏မဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ဖော်ဆောင်မှု၊ ရေရှည်တည်တံ့ခိုင်မြဲရေးအလေ့အကျင့်များ လိုက်နာကျင့်သုံးမှုတို့မှတဆင့် ရရှိလာမည့် အနာဂါတ်အကျိုးစီးပွားအလားအလာကို လက်တွေ့ကျကျ ရှုမြင်သုံးသပ်လျက်ရှိပါသည်။ မိမိတို့သည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ပေါ်ပေါက်လာသည့် အခွင့်အလမ်းသစ်များကို ထိရောက်စွာအသုံးချနိုင်ရန် အချိန်နှင့်အမျှပြောင်းလဲလျက်ရှိသော စီးပွားရေးအခင်းအကျင်းနှင့်အညီ လိုက်လျောညီထွေရှိအောင် ဆောင်ရွက်သွားမည့်အပြင် နိုင်ငံ့စီးပွားရေးတိုးတက်မှုနှင့် အစုရှယ်ယာရှင်များ၏အကျိုးအမြတ်အတွက် တိကျခိုင်မာသော ရေရှည်တည်တံ့ခိုင်မြဲရေးမူဝါဒများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# MANAGEMENT DISCUSSION AND ANALYSIS

The following Management Discussion and Analysis ("MD&A") is based on Myanmar Thilawa SEZ Holdings Public Company Limited ("MTSH") Consolidated Financial Statements for the period ended 31 March 2024 ("FY2023-2024") and should be read in conjunction with those financial statements. All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

The financial statements are prepared in accordance with International Financial Reporting Standards (IFRS) and audited by the Independent Auditor, Win Thin and Associates.

The Board of Directors approved this document on 24 June 2024.

## Myanmar Japan Thilawa Development Limited ("MJTD")

MJTD was established to undertake the development, marketing, leasing, and operation of the Industrial Area in Thilawa SEZ. MTSH holds a majority share of MJTD's shareholding, represented four board seats, and dispatched four officers who continuously put their effort to keep the effective operational and financial performance of MJTD.

For the year ended 31 March 2024, MJTD achieved a net profit of USD 1.5 million. Retained Earnings were USD 56.9 million and Cash & bank balance was USD 45 million. New inquiries with high-potential deals related to the land parcel, rental factories, and rental offices are achieved due to investors' re-evaluation of stable, high-quality infrastructures and special privileges in Thilawa SEZ. The main income is from the recurring business in the maintenance and utilities business unit during this financial year. MJTD installed solar systems since 2023 and the goal of the solar project is to reduce reliance on fossil fuels and promote renewable energy sources. The additional solar system in the pipelines can produce up to 5 megawatts of power. Due to the Solar business starting from next financial year, MJTD will have an additional source of income.

## Thilawa Property Development Limited ("TPD")

TPD was formed to undertake the development, construction, marketing, leasing, and operation of the Residential and Commercial Area in Thilawa Special Economic Zone ("Thilawa SEZ"). TPD is a joint venture with Thilawa Special Economic Zone Management Committee Company Limited ("TSMCC") in which TSMCC owns 20% and MTSH owns 80%.

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

TPD achieved MMK 359 million profit for the year ended 31 March 2024 amidst four years from the onset of COVID-related travel restrictions. Sales performance in this financial year shows the recovering status of the business in the Thilawa SEZ community as the global pandemic is easing in the country. We have one land sublease in the reporting period and it shows the positive result for this financial year. The company has MMK 8.9 billion Retained Earnings and Cash & Bank equivalent MMK 3.6 billion as of 31 March 2024, out of which 1.4 million were in USD currency.

TPD installed the solar project in late 2023, solar power is renewable energy and it aimed to reduce dependence on fossil fuels and enhance energy.

**Myanmar Thilawa SEZ Holdings Public Company Limited ("MTSH")**

Myanmar Thilawa SEZ Holdings Public Company Limited was incorporated on the 3rd of May 2013 in Myanmar under the Companies Act as a public limited company. On 20th May 2016, MTSH became the second company which is listed on the Yangon Stock Exchange.

The net profit of MTSH's stand-alone result for the year ended 31 March 2024 is MMK 980 million. Net profit decreased from MMK 4.7 billion to MMK 0.9 billion mainly due to the dividend received from the subsidiary and unrealized exchange gain in the previous year.

The increase in non-current assets is the impact of the share of profit from MJTD. As of 31 March 2024, there were MMK 72 billion total non-current assets out of which 65% were from the share of profit from MJTD.

The company has MMK 39 billion Retained Earnings and MMK 7.7 billion Cash and bank balance as of 31 March 2024.

**Myanmar Thilawa SEZ Holdings Public Company Limited and Its Subsidiary ("MTSH GROUP")**

**Summarized Consolidated Income Statement for the year ended**

| | | | Kyat in million |
|---|---|---|---|
| | **Changes** | **31-Mar-24** | **31-Mar-23** |
| Revenue | ▲ | 3,626 | 3,163 |
| Cost of sales | ▼ | (1,324) | (1,482) |
| **Gross profit** | ▲ | **2,302** | **1,681** |
| Interest Expense | ▲ | (24) | - |
| Selling & administrative expenses | ▲ | (2,243) | (1,810) |
| Share of profit from associate | ▼ | 1,274 | 2,537 |
| **Operating profit** | ▼ | **1,309** | **2,408** |
| Income from non-operating activities | ▲ | 132 | 101 |
| Realised Foreign Exchange Gain | ▼ | (53) | 457 |
| Unrealized Foreign Exchange Gain/(Loss) | ▼ | - | 1,701 |
| **Total profit before tax** | ▼ | **1,388** | **4,667** |
| Income tax expense | ▼ | (2) | (63) |
| **Net profit** | ▼ | **1,386** | **4,604** |
| Gross profit margin | ▲ | 63% | 53% |
| Earning per share (Kyat) | ▼ | 34 | 113 |

Revenue for the year ended 31 March 2024 is MMK 3.6 billion and increased compared with the previous year (from MMK 3.2 billion to MMK 3.6 billion). Mainly from the management fee received and one land sublease during the financial year. The gross profit is MMK 2.3 billion and the gross profit margin has increased to 63% from 53%.

The share of the profit earned from investment in associate company MJTD is MMK 1.3 billion. The results are still positive due to the recurring business in the maintenance and utilities business unit. The business continues to recover with news investors and hit the targeted profit.

Net profit for this financial year is MMK 1.4 billion and the profit attributable to the equity shareholders of the company is MMK 1.3 billion. Net profit is decreased if compared with the previous year mainly due to the impact of dividends received from the subsidiary and unrealized exchange gain.

Overall, the net impact of the above factors contributes to the decline in consolidated EPS to MMK 34 per share for the year ended 31 March 2024 from MMK 113 per share for the year ended 31 March 2023.

**Summarized Consolidated Statement of Financial Position as at 31 March 2024**

| | | | Kyat in million |
|---|---|---|---|
| | **Changes** | **31-Mar-2024** | **31-Mar-2023** |
| Assets | | | |
| Current assets | ▼ | 38,390 | 40,584 |
| Non-current assets | ▲ | 53,930 | 52,980 |
| Total assets | ▼ | **92,320** | **93,564** |
| Liabilities | | | |
| Current liabilities | ▲ | 2,142 | 2,130 |
| Non-current liabilities | ▼ | 34 | 730 |
| Total liabilities | ▼ | 2,176 | 2,860 |
| **Net assets** | ▼ | **90,144** | **90,704** |
| Equity | | | |
| Issued and paid up capital | - | 38,929 | 38,929 |
| Retained earnings | ▼ | 43,430 | 44,062 |
| Non-controlling interest | ▲ | 7,785 | 7,713 |
| **Total equity** | ▼ | **90,144** | **90,704** |

The decrease in current assets is the net impact of decreasing cash and cash equivalent due to dividend payout during this year. The group has cash and bank reserves equivalent to MMK 11.2 billion out of MMK 38.3 billion in current assets. Out of cash and bank reserves 4.8 million were in USD currency.

The rise in non-current assets is an increment of the investment amount in associate, which is due to accumulating in Retained Earnings of MJTD. The company has MMK 53.9 billion in non-current assets, out of which MMK 46.3 billion was a share of accumulated Retained Earnings of MJTD.

Total liabilities from MMK 2.9 billion to MMK 2.2 billion have slightly decreased due to the realization of advance income into revenue for the land sublease during this financial year.

Group's retained earnings faced MMK 0.7 billion (decrease from MMK 44.1 billion to MMK 43.4 billion) on 31 March 2024 mainly due to the net impact of dividend payout and profit during this year.

## Future prospects

### Expansion and Diversification

Myanmar Thilawa SEZ Holdings Public Company Limited (MTSH) remains focused on leveraging its strategic position within the Thilawa Special Economic Zone (SEZ) to drive future growth. The company aims to enhance its portfolio through diversification into renewable energy, further expansion in real estate, and increasing its share of recurring revenue from maintenance and utility services. The installation of solar systems by both MJTD and TPD signifies a commitment to sustainable energy solutions, with the potential to generate up to 5 megawatts of power. This move not only aligns with global trends towards renewable energy but also provides a new revenue stream starting from the next financial year.

### Real Estate and Infrastructure Development

In the real estate sector, TPD will continue to develop and market residential and commercial properties within the SEZ. The easing of COVID-19 restrictions has already shown positive impacts on sales performance, and the company anticipates a steady recovery and growth in demand for land parcels, rental factories, and offices. MTSH is poised to capitalize on this trend by optimizing its offerings and enhancing its service quality to attract more investors seeking stable and high-quality infrastructure.

### Financial Stability and Growth

Financially, MTSH aims to strengthen its balance sheet by maintaining a robust cash reserve and prudent investment strategies. The focus will be on generating stable income through its core businesses and strategic investments in MJTD and TPD. The company's retained earnings and cash flow management will support its expansion plans and dividend policy, ensuring shareholder value enhancement.

### Strategic Partnerships and Market Positioning

MTSH will continue to foster strategic partnerships and collaborations to bolster its market position within the SEZ. By leveraging its strong relationships with local and international stakeholders, including the Thilawa Special Economic Zone Management Committee and foreign investors, MTSH can drive further growth and development within the SEZ. The company's established reputation and operational excellence provide a solid foundation for attracting new business ventures and investment opportunities.

### Commitment to Sustainability

The company's commitment to environmental sustainability is evident through its investments in renewable energy projects. These initiatives are expected to reduce operational costs and reliance on

fossil fuels, aligning with global environmental standards and enhancing the company's appeal to eco-conscious investors and partners.

**Outlook**

Looking ahead, MTSH is optimistic about its growth prospects, driven by strategic diversification, infrastructure development, and sustainable practices. The company is well-positioned to navigate the evolving economic landscape, capitalizing on new opportunities within the SEZ and beyond. With a clear focus on sustainable growth, MTSH aims to deliver long-term value to its shareholders while contributing to the economic development of Myanmar.